**ကချင်ပြည်နယ်အစိုးရပညာရေးဌာန**

**ကချင်ပြည်နယ်အစိုးရအထက်တန်းကျောင်းများအတွက်၊ ကျောင်းအဖွဲ့ဝင်လူကြီးများဖွဲ့စည်းပုံနှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာများကို ပြဋ္ဌာန်းသည့်နည်းဥပဒေများ။**

**အမှတ် ၁၈၀**

**ရန်ကုန်မြို့၊ ၁၃၁၇ ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်။**

**(၁၉၅၅ ခု၊ ဇူလိုင်လ ၂၂ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၁၈၀။ ။ ကချင်ပြည်နယ်အစိုးရ၏ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲ ပါအမိန့်ကြော်ငြာစာအမှတ် ၁၃၃ ကို ဖျက်သိမ်း၍၊ အောက်ပါနည်းဥပဒေများကို အများသိရှိရန် ကျေညာ လိုက်ပါသည်။

၁။ ။ နည်းဥပဒေများကို၊ "ကချင်ပြည်နယ်အစိုးရအထက်တန်းကျောင်းများအတွက်၊ ကျောင်းအဖွဲ့ဝင် လူကြီးများဖွဲ့စည်းပုံနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ပြဋ္ဌာန်းသည့်နည်းဥပဒေများ" ဟုခေါ် တွင်စေရမည်။

၂။ ။ (က) ကျောင်းအဖွဲ့ဝင်လူကြီးတရပ်တွင်၊ အဖွဲ့ဝင်လူကြီး ၁၁ ဦးပါဝင်စေရမည်။

(ခ) ထိုအဖွဲ့ဝင်လူကြီး ၁၁ ဦးတွင်၊ အောက်ပါလူကြီးများပါဝင်စေရမည်။

(၁) သက်ဆိုင်ရာကျောင်းမှ ကျောင်းဆရာကြီး (ရာထူးအရ)။

(၂) အဆိုပါကျောင်းမှ လက်ထောက်ကျောင်းဆရာများ ကိုယ်စားလှယ်တဦး။

(၃) သက်ဆိုင်ရာအရပ်ဒေသရှိ ဆရာများအသင်းမှ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်တဦး။

(၄) မြူနီစီပါယ်၊ သို့မဟုတ် မြို့ကော်မီတီ၊ သို့မဟုတ် ဒိစတြိတ်ကောင်စီမှ တင်မြှောက်သူတဦး၊ သို့မဟုတ် မြူနီစီပါယ်၊ သို့မဟုတ် မြို့ကော်မီတီ၊ သို့မဟုတ် ဒိစတြိတ်ကောင်စီ၏ အခွင့်အာဏာနှင့် ဝတ္တရားများကို အချိန်အခါအားလျော်စွာ ထမ်းဆောင်နေသူ အာဏာပိုင်က ရွေးချယ်တင်မြှောက်သူ တဦး။

(၅) အဖွဲ့ဝင်လူကြီးများက ပူးပေါင်းဆောင်ရွက်ခွင့်ပြုသောအုပ်ထိန်းသူ၊ သို့မဟုတ် ကျောင်းသားမိဘ တဦး။

(၆) အဖွဲ့ဝင်လူကြီးများက ပူးပေါင်းဆောင်ရွက်ခွင့်ပြုသော ကျောင်းသူကလေးများ၏ ပညာသင်ကြား ရေးတွင် စိတ်ပါဝင်စားသည့် အမျိုးသမီးတဦး။

(၇) ပညာအုပ် (ရာထူးအရ)။

(၈) ပြည်နယ်ပညာဝန်က ရွေးချယ်တင်မြှောက်သော ၎င်းအရပ်ဒေသရှိ အထက်တန်းကျောင်း၊ သို့မဟုတ်အလယ်တန်းကျောင်း၊ တကျောင်းကျောင်းမှ ကျောင်းဆရာကြီးတဦး။

(၉) ခရိုင်ဝန်ကရွေးချယ်တင်မြှောက်သော အခြားပြည်သူ့ဝန်ထမ်းတဦး။

(၁၀) သက်ဆိုင်ရာကျောင်းမှ ထွက်သွားသည့် ကျောင်းသားဟောင်းများအနက်မှ ကျောင်းသားများက ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်တဦး။

(၁၁) မန်ခရင်နှင့် စိန်လုံအထက်တန်းကျောင်းများမှအပ၊ ကျန်အထက်တန်းကျောင်းများအတွက် သက် ဆိုင်ရာအရပ်ရှိ ဖ၊ ဆ၊ ပ၊ လ၊ အဖွဲ့မှရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်တဦး၊ မန်ခရင်နှင့် စိန်လုံ အထက်တန်းကျောင်းများအတွက် သက်ဆိုင်ရာကချင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့မှ ရွေးချယ် စေလွှတ်သည့် ကိုယ်စားလှယ်တဦး။

(ဂ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဆရာကြီးသည်၊ ကျောင်းအဖွဲ့၏ သဘာပတိအဖြစ်၎င်း၊ လက် ထောက်ကျောင်းဆရာများ၏ ကိုယ်စားလှယ်သည်၊ အတွင်းရေးမှူးအဖြစ်၎င်း အသီးသီးဆောင်ရွက်ရ မည်။

**မှတ်ချက်**။ ။ ရာထူးအလိုက်ခန့်ထားသူများမဟုတ်သော ကျောင်းကော်မီတီအဖွဲ့ဝင်လူကြီးများသည်၊ သက်ဆိုင်ရာကျောင်း၊ ကျောင်းသားဟောင်းများဖြစ်နိုင်သရွေ့ဖြစ်သင့်သည်။

၃။ ။ ရာထူးအလိုက်ခန့်ထားသော အဖွဲ့ဝင်လူကြီးများမှတပါး အခြားသောအဖွဲ့ဝင်လူကြီးများ၏ အဖွဲ့ဝင် သက်တမ်းသည် ၂ နှစ်ဖြစ်ရမည်။ သို့သော် အဖွဲ့ဝင်သက်တမ်းစေ့ရောက်သူများကို အဖွဲ့ဝင်အဖြစ်ပြန် လည်ခန့်ထားနိုင်ခွင့်ရှိစေရမည်၊ ရာထူးအလိုက်ခန့်ထားသော အဖွဲ့ဝင်လူကြီးများမှတပါး၊ အခြားသော အဖွဲ့ဝင်လူကြီးတဦးဦးသည် အဖွဲ့အစည်းအဝေးများကို ၃ ကြိမ်တိုင်တိုင်တဆက်တည်းတက်ရောက်ခြင်း မရှိပါက ၎င်းအား အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ပြီးဟု မှတ်ယူရမည်။ အဖွဲ့ဝင်လူကြီးများက ရွေးကောက် တင်မြှောက်သည့်အဖွဲ့ဝင်များလည်း ထိုနည်းတူပင်ဖြစ်သည်။

၄။ ။ အစည်းအဝေးသို့ အဖွဲ့ဝင်လူကြီး ၅ ဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်သည်ဟု ယူဆ ရမည်။

၅။ ။ အဖွဲ့ဝင်လူကြီးများ၏ အစည်းအဝေးများကို သာမန်အားဖြင့် အနည်းဆုံး ၃ လ တကြိမ်ကျင်းပရ မည်။ အထူးအစည်းအဝေးများကို သဘာပတိက မိမိသဘောအတိုင်းခေါ်ယူကျင်းပနိုင်သည်။ အစည်း အဝေးမှတ်တမ်းများကို ထားရှိရပါမည်။

၆။ ။ အစည်းအဝေးကျင်းပမည့် အချိန်နေ့ရက်ကို သဘာပတိက သတ်မှတ်ရမည်။ အစည်းအဝေးကျင်းပ မည့်အကြောင်းကြားစာကို စည်းဝေးပွဲ အစီအစဉ်များနှင့်အတူ အဖွဲ့ဝင်လူကြီးများထံသို့ အတွင်းရေးမှူး ကအနည်းဆုံး ၇ ရက်ကြိုတင်ပေးပို့ရမည်။

၇။ ။ကျောင်းအဖွဲ့ဝင်လူကြီးများ၏ တာဝန်ဝတ္တရားများမှာ၊ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ကျောင်းအဆောက်အဦများ (ကျောင်းသားများ၏ ကျောင်းအိပ်ကျောင်းစားခန်းဆောင်များပါ) နှင့် ကစားကွင်းများကို စစ်ဆေးကြည့်ရှုခြင်း။

(ခ) နည်းဥပဒေ အပိုဒ် (ဂ) အရ တားမြစ်ထားသည့် အချက်များနှင့် မဆန့်ကျင်စေဘဲ၊ ကျောင်းတိုးတက် ရာတိုးတက်ကြောင်းအကြံဉာဏ်များပေးခြင်း၊ စဉ်းစားခြင်း။

(ဂ) ကျောင်းကစားခုန်စားပွဲများ၊ ကျောင်းအချင်းချင်း ကစားခုန်စားပြိုင်ပွဲများနှင့် ပတ်သက်၍၊ တိုး တက်ကောင်းမွန်အောင် တည်ထွင်ပြုလုပ်ခြင်း၊ အကြံဉာဏ်များကို စဉ်းစားခြင်း၊ ထောက်ခံခြင်း။

Myanmar Law Information System (MLIS)

(ဃ) ကျောင်းသားများကျောင်းမှထွက်သည့်အခါ သင့်တော်သောအလုပ်အကိုင်များရရှိစေရေးကို စဉ်း စား၍ အစီအစဉ်များပြုလုပ်ပေးခြင်း၊ ကျောင်းထွက်သွားသည့် ကျောင်းသားဟောင်းများ ကျောင်းနှင့် အဆက်မပြတ်အောင် ဆောင်ရွက်ခြင်း။

(င) ကျောင်းသားများ၏ ကျောင်းအိပ်ကျောင်းစား ခန်းဆောင်များ၏ငွေစာရင်း၊ ကျောင်းသုံးစာရေး ကိရိယာများ၏ငွေစာရင်း၊ ကစားခုန်စား၊ စာကြည့်ခန်းများ၏ ငွေစာရင်းများကို စစ်ဆေးကြည့်ရှုခြင်း။

**မှတ်ချက်**။ ။ ဖေါ်ပြပါငွေစာရင်းများနှင့်ပတ်သက်၍ မှတ်ချက် ဝေဘန်ချက်များချမှတ်ရန်အခွင့်အာဏာ ရှိစေရမည်၊ တချိန်လျှင်ငွေကျပ် ၅၀ ထိသုံးစွဲခွင့်ပြုနိုင်သည်၊ ငွေကျပ် ၅၀ ထက်ကျော်သော အသုံးစရိတ် များအတွက် ပြည်နယ်ပညာဝန်၏ ခွင့်မိန့် လိုသည်၊ နှစ်စဉ်ရ-သုံးခန့်မှန်းခြေစာရင်းကို သဘောတူညီ ချက်ပေးရန် ပြည်နယ်ပညာဝန်ထံ သို့ပို့ရမည်။

၈။ ။ ကျောင်းတွင်အမှုထမ်းများခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် စပ်လျဉ်း၍၊ အဖွဲ့ဝင်လူကြီးများက ထောက်ခံချက်မပေးရ၊ သို့ရာတွင် ကျောင်းစည်းကမ်းပိုမိုကောင်းမွန်အောင် မည်သို့ ပြုပြင်သင့်သည်၊ စည်းကမ်းများကို ချိုးဖေါက်နေကြောင်းတွေ့ရလျှင်၊ သို့မဟုတ် ချိုးဖေါက်မည့် လက္ခဏာများပေါ်ပေါက် နေလျှင် မည်သို့အရေးယူဆောင်ရွက်သင့်သည်စသည်များကို ရိုးရိုးအစည်းအဝေးများ၌ သော်၎င်း၊ အရေးပေါ်အစည်းအဝေးများတွင်သော်၎င်း ဆွေးနွေး၍ နည်းလမ်းများရှာဖွေနိုင်ခွင့်ရှိသည်။

၉။ ။ အစည်းအဝေးတခုတွင် ဆုံးဖြတ်၍ နောက်ဆက်လက်ကျင်းပသည့် အစည်းအဝေးတွင် အတည်ပြု ပြီး အဆိုတရပ်ရပ်ကို၎င်း၊ အဆိုကိုဆုံးဖြတ်သည့် အစည်းအဝေးကျင်းပသည့်နေ့မှ ၄ လမကျော်လွန်မ ခြင်း၊ သို့မဟုတ် ထိုအဆိုကို ပြန်လည်စဉ်းစားရန်အတွက် အထူးအစည်းအဝေးတရပ်ခေါ်ပေးရန် အဖွဲ့ဝင် လူကြီးများ၏ (၃/၄) ပုံမျှသော အဖွဲ့ဝင်လူကြီးများက တောင်းဆိုခြင်းမပြုလျှင် ပြန်လည်စဉ်းစားခြင်း မပြုရ။

၁၀။ ။ အဖွဲ့ဝင်လူကြီးများ၏ အစည်းအဝေးမှတ်တမ်းမိတ္တူများကို အစည်းအဝေးကျင်းပသည့်နေ့မှ ၇ ရက်အတွင်း-

(က) ကချင်ပြည်နယ်ပညာဝန်နှင့်

(ခ) အဖွဲ့ဝင်လူကြီးများအားလုံးထံသို့ပေးပို့ရမည်။

**မှတ်ချက်**။ ။ အထူးအရေးကြီးသော ကိစ္စများ၊ သို့မဟုတ် ပြည်နယ်ပညာဝန်က ဆောင်ရွက်ရန် အရေးမ ပိုင်သောကိစ္စများကို ကချင်ပြည်နယ်အစိုးရ အတွင်းဝန်ထံသို့ အစီရင်ခံရမည်။

Myanmar Law Information System (MLIS)

အမိန့်အရ၊

သက်တင်၊

အတွင်းဝန်၊ ကချင်ပြည်နယ်အစိုးရ။